**မဟာမဲခေါင်ဒေသခွဲဆိုတာ ဘာလဲ။**
မဟာမဲခေါင်ဒေသခွဲ (GMS) သည် ကမ္ဘောဒီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့တည်ရှိသည့် ဒေသဖြစ်ပါသည်။

GMS သည် မဲခေါင်မြစ်တလျောက်တည်ရှိသည့် သဘာဂကို အခြေခံသော စီးပွားရေးဒေသဖြစ်ပါသည်။ ဤဒေသသည် စတုရန်းကီလိုမီတာ ၂.၆ သန်းရှိပြီး လူဦးရေအားဖြင့် စုစုပေါင်း သန်း ၃၈၈ ကျော်ထိ ဤဒေသတွင် နေထိုင်ကြပါသည်။

**မူလအစ**
အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ အကူအညီဖြင့် ၁၉၉၂ ခုနှစ်က မဟာမဲခေါင်ဒေသခွဲတွင်ရှိသည့် ခြောက်နိုင်ငံက ဒေသခွဲအတွင်း၌ သမိုင်းနှင့်ယဉ်ကျေးမှုဆက်စပ်ယှက်နွယ်နေမှုများအပေါ် အခြေခံ၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အစီအစဉ်တစ်ခု စတင်ခဲ့ပါသည်။

မဟာမဲခေါင်ဒေသခွဲအစီအစဉ် (GMS Program) သည် ADB နှင့် တခြားအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဖြင့် ကဏ္ဍ ၉ ခုတွင် အထူးဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန် အကူအညီပေးနေပါသည်။ (အစီအစဉ်ကဏ္ဍများကို ကြည့်ပါ။)

**စီသုံးလုံး (Connectivity - ဆက်သွယ်နိုင်စွမ်းအား၊ Competitiveness - ယှဉ်ပြိုင်နိုင်စွမ်းအား၊ နှင့် Community ဒေသခံလူ့အဖွဲ့အစည်း)**
GMS အစီအစဉ်သည် ကြွယ်ဂသည့်၊ ပေါင်းစည်းဆောင်ရွက်တတ်သည့်၊ သဟဇာတဖြစ်သည့် ဒေသခွဲဖြစ်လာစေရေး မျှော်မှန်းချက်ပန်းတိုင်ရောက်ရှိနိုင်ရန် စီသုံးလုံးဟူသည့် မဟာဗျူဟာ သုံးရပ်ချမှတ်ထားသည်။ ယင်းတို့၏ အဓိပ္ပာယ်မှာ

- ဒေသခွဲအတွင်း နိုင်ငံဖြတ်ကျော် စီးပွားရေးပေါက်ရောက်မှုများနှင့် လမ်းပမ်းအဆက်အသွယ် စီးပွားဆိုင်ရာ စွမ်းအားအထောက်အပံ့များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံ၍ ဆက်သွယ်နိုင်စွမ်းအားကို တိုးချဲ့ခြင်း

- စုပေါင်းဈေးကွက်များနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ထို့အပြင် လူနှင့်ကုန်စည် အကျိုးရှိလျှင်မြန်စွာ နယ်စပ်ဖြတ်ကျော်သွားလာလှုပ်ရှားဆောင်ရွက်နိုင်မှုတို့မှ တစ်ဆင့် ဒေသခွဲအတွင်း စီးပွားရေးအယှဉ်အပြိုင်ရှိမှု တိုးပွားများပြားစေခြင်း။ ထိုသို့ ဒေသခွဲအတွင်း ပူးပေါင်း လုပ်ဆောင်မှုများနှင့်တကွ အတူတူထုတ်ကုန် များကို ထုတ်နိုင်မှသာ ဒေသခွဲအနေဖြင့်ကမ္ဘာ့စီးပွားရေးအတွင်းသို့ လွယ်ကူချောမွေ့စွာ ဂင်ရောက်နိုင်မည်။

- ဒေသခွဲအတွင်း ဆက်စပ်ယှက်နွယ်လျှက်ရှိသည့် လူမှုရေး၊ သဘာဂပတ်ဂန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကိုထောက်ပြပြောဆိုသည့်အစီအစဉ်များမှတဆင့် ဒေသခံလူမှုအဖွဲ့အစည်းစိတ်ဓာတ် တည်ဆောက်ခြင်း

**ABD ၏ အခန်းကဏ္ဍ**
GMS အစီအစဉ်တွင် ADB သည် ကဏ္ဍများစွာတွင် ပါဂင်ပါသည်။

- GMS နိုင်ငံများကို ငွေကြေးနှင့် အထောက်အပံ့များအတွက် ဘဏ္ဍာငွေထုတ်ပေးသူ အဖြစ်လည်းကောင်း၊

- ဒေသခွဲအတွင်း နိုင်ငံရေးနှင့် လုပ်ငန်းဖော်ဆောင်ရေးအဆင့်များတွင် တွေ့ဆုံညှိနှိုင်းနိုင်စေရန် ကူညီပံ့ပိုးပေးလျက် GMS အစီအစဉ်တွင် ပါဝင်သူများအတွင်း၌ အတွင်းရေးမှူးရုံးနှင့် ညှိနှိုင်းရေးမှူး အဖြစ်လည်းကောင်း၊
- GMS အစီအစဉ်အောက်ရှိ လုပ်ငန်းအမြောက်အများအတွက် နည်းပညာပိုင်းနှင့် အကြံဉာဏ်များ ကူညီပံ့ပိုးပေးသူအဖြစ်လည်းကောင်း၊ ယင်းနောက်
- GMS အစီအစဉ်အောက်ရှိ အမျိုးမျိုးသောပါဝင်ဆောင်ရွက်သူများကို စုစည်း၍လည်းကောင်း၊ အဓိကကိစ္စရပ်များတွင် အများသဘောတူညီမှုရအောင်ထိ ကူညီဆောင်ရွက်ပေးသည့် ကနဦးစတင် လုပ်ဆောင်သူအဖြစ်လည်းကောင်း ADB က ပါဝင် လုပ်ဆောင်ပါသည်။

**GMS ဖွဲ့စည်းပုံဇယား**

GMS အဖွဲ့ဝင် ခြောက်နိုင်ငံအစိုးရများ၏ နိုင်ငံရေးနှင့်လုပ်ငန်းဖော်ဆောင်ရေးအဆင့်နှစ်ခုစလုံးပါဝင်လျက် အဖွဲ့ပုံစံအစီအစဉ်တစ်ရပ်ချထားပြီး GMS အဖွဲ့ကို စီမံအုပ်ချုပ်ပါသည်။




**အနာဂါတ်ဦးတည်ချက်များ**
GMS အစီအစဉ်သည် လမ်းပမ်းအဆက်အသွယ် နှင့် စီးပွားဆိုင်ရာ စွမ်းအားအထောက်အပံ့များ အပိုင်းတွင် ဆက်လက်ရင်းနှီးမြှုပ်နှံသွားမှာ ဖြစ်သည်။ သို့သော် ဒေသခွဲအတွင်း အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ပိုမိုအာရုံစိုက်လုပ်ဆောင်သွားမည်။ ထိုကဏ္ဍများတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ကုန်သွယ်ရေးနှင့်လမ်းပမ်းဆက်သွယ်ရေးချောမွေ့ စေရန် ဆောင်ရွက်ရေး၊ ဆက်စပ်ယှက်နွယ်နေသည့် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များကို ထိန်းသိမ်း ကာကွယ်ရေး၊ ပျံ့ပွားနိုင်သည့် ရောဂါများကို ထိမ်းချုပ်ရေးနှင့် စောင့်ကြည့်လေ့လာရေးတို့ ပါဝင်ပါသည်။

## အစီအစဉ်ကဏ္ဍများ

### စွမ်းအင်

GMS စွမ်းအင်ကဏ္ဍပူးပေါင်းလုပ်ဆောင်ရေးဆိုသည်မှာ ဒေသတွင်းနိုင်ငံများ၏ ကြွယ်ဝသည့် စွမ်းအင်ရင်းမြစ်များကို အပြည့်အဝအသုံးချပြီး ယှဉ်ပြိုင်နိုင်စွမ်းကောင်းသည့် စုပေါင်းလျှပ်စစ်စွမ်းအားဈေးကွက်တစ်ခု ဖြစ်ပေါ်လာရေးကို မူလအနေဖြင့် ရည်ရွယ်ထားပါသည်။ သို့မှသာ GMS  နိုင်ငံများအတွင်း ဆင်းရဲမွဲတေမှု လျှော့ချနိုင်ပြီး  စီးပွားရေးဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ပေါ်လာစေရန် ကူညီနိုင်ပေမည်။

လျှပ်စစ်စွမ်းအားကုန်သွယ်မှုမှတဆင့် ၎င်းပန်းတိုင်များကို ရောက်နိုင်ပါသည်။ ထိုကဲသို့  လျှပ်စစ်စွမ်းအားကို ရောင်းချနိုင်လျှင် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်များလျော့ကျသွားမည်၊ လျှပ်စစ်စွမ်းအားထုတ်လုပ်မှု တည်ငြိမ်သည့် အနေအထားရောက်မည်၊ နောက်ပြီး ဘော်ဒါအခွန်အကောက်ကိုလည်း လျှော့ချနိုင်မည်။

ထို့အတွက် အဓိကစတင်ဆောင်ရွက်နည်းကြီးနှစ်ခုကို လိုက်နာထားပါသည်။ ယင်းတို့မှာ လျှပ်စစ်စွမ်းအားကုန်သွယ်မှု အတွက် မူဂါဒနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်တစ်ရပ်ချမှတ်ခြင်းနှင့် လျှပ်စစ်လိုင်းဒေသခွဲအတွင်း သွယ်တန်းမှုအတွက် အသေးစိတ်အစီအစဉ်တစ်ခု ချမှတ်ခြင်းတို့ ဖြစ်သည်။ ဒေသတွင်း လျှပ်စစ်စွမ်းအားကုန်သွယ်မှု ညှိနှိုင်းရေး ကော်မတီ (Regional Power Trade Coordination Committee) ကို ၂၀၀၄ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး လုပ်ငန်း အဖွဲ့များကို ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ GMS နိုင်ငံများအတွင်း စည်းမျဉ်းဆိုင်ရာမူဘောင်များနှင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှု မတူညီသည့်အခြေခံများကြောင့် GMS လျှပ်စစ်စွမ်းအားဈေးကွက်သည် တဆင့်ချင်း တဖြည်းဖြည်းချင်းသာလျှင် ဖြစ်ထွန်းလာနိုင်မည်ဟု မျှော်လင့်ရပါသည်။

GMS နိုင်ငံများသည် စွမ်းအင်ဆိုင်ရာ အခြားကဏ္ဍခွဲများတွင်လည်း တိုးချဲ့ပူးပေါင်းလုပ်ဆောင်ရန် နည်းလမ်းရှာ ကြံနေပါသည်။ ယင်းကဏ္ဍခွဲများတွင် စွမ်းအင်သုံးစွဲမှုသက်သာစေသည့်အစီအစဉ်၊ ပြည့်ဖြိုးမြဲ စွမ်းအင်ရရှိရေး အစီအစဉ်၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး စသည်တို့ပါဝင်ပြီး ရည်ရွယ်ချက်မှာ လျှပ်စစ်စွမ်းအား ဖူလုံစေရေး၊ ကုန်ကျစရိတ်လျှော့ချစေနိုင်ရေး နှင့် စီးပွားရေးအကျိုးအမြတ်များ ခံစားနိုင်ရေးတို့အတွက် ဖြစ်သည်။  ADB သည် ဒေသခွဲအတွင်း မတူညီသည့်စွမ်းအင်များပူးတွဲ အသုံးပြုနိုင်မည့် ဖြစ်နိုင်ချေ နည်းလမ်းအမျိုးမျိုးကို ရှာဖွေသည့် လေ့လာမှုတစ်ရပ် မကြာခင်က ပြုလုပ်ခဲ့ပါသည်။

GMS နိုင်ငံများအတွင်း စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးတိုးချဲ့နိုင်ရန် GMS နိုင်ငံများက လမ်းညွှန်ဦးတည်ချက်တစ်ခု ရေးဆွဲထားပြီးဖြစ်သည်။

### ပို့ဆောင်ဆက်သွယ်ရေး

ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် GMS အစီအစဉ်၏ ပူးပေါင်းလုပ်ဆောင်ရေးဟူသည်မှာ ဒေသတွင်းရှိ ဈေးကွက်များ၊ ခရီးသွားလုပ်ငန်းအချက်အချာကျသည့်နေရာများ၊ လူဦးရေထူထပ်သည့်နေရာများသို့ လမ်းပမ်းဆက်သွယ်ရေး ပိုမိုချောမွေ့စေရန်နှင့် ဒေသခွဲတစ်ခုလုံးကို ချိန်ဆက်ရာတွင် အရေးပါသည့် အဓိက ပို့ဆောင်ဆက်သွယ်ရေးစင်္ကြံလမ်းမများ ဖော်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။ သို့မှသာ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း နှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို တိုးမြှင့်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ဒေသခွဲအတွင်း ချိတ်ဆက်ထားသည့် ပို့ဆောင်ဆက်သွယ်ရေးစင်္ကြံလမ်းမများပေါ်ပေါက်လာမှုသည် ဤကဏ္ဍအတွင်း အဓိက အောင်မြင်မှုများဖြစ်ပါသည်။ (မြေပုံကို ကြည့်ပါ)

- အနောက်-တောင် စီးပွားရေးစင်္ကြန်လမ်းမ - ဤလမ်းမကြီးတွင် လမ်းမခွဲသုံးခုရှိသည်။ ၎င်းတို့မှာ လာအို သို့မဟုတ် မြန်မာနိုင်ငံတို့ကို ဖြတ်သန်းသည့် ကူမင်းမှ ဘန်ကောက်သို့ ဆက်သွယ်သည့်လမ်း၊ ကူမင်းမှ ဟန္နိုင်း - ထိုမှတဆင့် ဟိုင်းဖွန်းသို့ဆက်သွယ်သည့်လမ်း၊ ကူမင်း-နန်နင်းမှ ဟန္နိုင်းသို့ဆက်ထားသည့်လမ်းတို့ဖြစ်သည်။ ဤစင်္ကြန်လမ်းမသည် လာအိုနှင့် ထိုင်းနိုင်ငံတို့ကို ဆက်သွယ်မည့် တံတားကလွဲလျင် ကျန်လမ်းနေရာများမှာ ပြီးစီးနေပြီဟု ပြောနိုင်သည်။ ထိုတံတားကိုလည်း မကြာခင်တည်ဆောက်ရန်ရှိသည်။
- အရှေ့အနောက်စီးပွားရေးစင်္ကြန်လမ်းမ - အိန္ဒိယသမုဒ္ဒရာ (ကပ္ပလီပင်လယ်) နှင့် တောင်တရုတ်ပင်လယ် တို့ကို တိုက်ရိုက်ဆက်သွယ်ထားသည့် တစ်ခုတည်းသော ကုန်းလမ်းမဖြစ်ပြီး ၂၀၀၆ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးသည်။
- တောင်ပိုင်း စီးပွားရေးစင်္ကြန်လမ်းမ - ယင်းစင်္ကြန်လမ်းမကို ၂၀၀၅ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး ဖနွမ်းပင်-ဟိုချီမင်းမြို့တော် အဝေးပြေးလမ်းမ စီမံကိန်းလည်း ပါဝင်သည်။

အခြားပို့ဆောင်ဆက်သွယ်ရေးစီမံကိန်းများတွင် ပြည်တွင်းရေကြောင်းလမ်းပြစနစ်များ၊ ပင်လယ်ဆိပ်ကမ်းများ နှင့် ရထားလမ်းကွန်ယက်များ အဆင့်မြှင့်တင်ရေးတို့ ပါဝင်သည်။ ဤပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများကြောင့် ခရီးစရိတ်နှင့် ခရီးသွားချိန်တို့ကို လျှော့ချနိုင်ပြီဖြစ်သည်။ အာရှတိုက်အတွင်း ထိရောက်ပြီး စွမ်းဆောင်ရည်မြင့်မားသည့် ကုန်သွယ်ရေးလမ်းကြောင်းတည်ရှိလာသည့် ဒေသခွဲတစ်ခုအဖြစ် လူအများယုံကြည်မှု အထူးတိုးပွားစေပါသည်။

ထို့အပြင် ကြီးမားကျယ်ပြန့်လာသည့် ထုတ်လုပ်ရေးဌာနများနှင့် ဈေးကွက်ဝယ်လိုအားရှိသည့် ဌာနများအကြား အနာဂတ်ကာလတွင် ဆက်သွယ်ရေးချိတ်ဆက်များထူထောင်ပေးနိုင်ရန် ၂၀၀၆ မှ ၂၀၁၅ ထိ GMS ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမဟာဗျူဟာ (GMS Transport Sector Strategy) သစ်တစ်ရပ်ချမှတ်ထားပါသည်။ နောက်ပြီး GMS နှင့် အခြားဒေသများအကြား အလားအလာရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖန်တီးပေးနိုင်ပါသည်။

**စီးပွားရေးစင်္ကြန်လမ်းမများဖွံ့ဖြိုးတိုးတက်ရေး**

ဖွံ့ဖြိုးတိုးတက်မှုကို ရယူရာတွင် လမ်းပန်းအဆက်အသွယ် နှင့် စီးပွားရေးဆိုင်ရာ စွမ်းအားအထောက်အပံ့များ ကို အခြားစီးပွားရေးအခွင့်အလမ်းများနှင့်ပေါင်းစပ်ထားမှသာ တိုးတက်မှုကို ရယူနိုင်မည်ဟု "စီးပွားရေးစင်္ကြန်လမ်းမ" ချဉ်းကပ်မှုပုံစံက အသိအမှတ်ပြု ထားပါသည်။ ယင်းတို့တွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပါသကဲ့သို့ ဆက်သွယ်နိုင်စွမ်းမြင့်မား လာသည့်အတွက် ဖြစ်ပေါ်လာသော လူမှုရေးနှင့် တခြားဆက်စပ်ရိုက်ခတ်မှုများကို ရင်ဆိုင်ဖြေရှင်းရေး ကြိုးပမ်းမှုများလည်း ပါဝင်ပါသည်။

စီးပွားရေးစင်္ကြန်လမ်းမဖွံ့ဖြိုးမှု၏ ရည်မှန်းချက်ပန်းတိုင်သည် ဒေသတွင်းရှိ လူနှင့် ကုန်ပစ္စည်းများ သွားလာရွှေ့ ပြောင်းသယ်ယူရေးတွင် ကုန်ကျစရိတ်အလွန်အမင်းမများပဲ၊ အချိန်ကြန့်ကြာနှောင့်နှေးမှုသိပ်မဖြစ်ဘဲ လုပ်ဆောင် နိုင်သည့် သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု အကောင်အထည်ဖော်ရေးပင် ဖြစ်သည်။ ယင်းမှတဆင့် ထိုကဲ့သို့ ပို့ဆောင်ဆက်သွယ်ရေးကွန်ယက်တွင် တိုးတက်မှုရခြင်းသည် စီးပွားရေးပိုမိုဖွံ့ ဖြိုးမှုနှင့် ဒေသတွင်းဖွံ့ဖြိုး တိုးတက်မှု တို့ကို မြှင့်တင်နိုင်ပြီးနောက် ဆင်းရဲမွဲတေမှုကိုပါ လျှော့ချနိုင် မည်ဖြစ်သည်။

GMS ပို့ဆောင်ဆက်သွယ်ရေးစင်္ကြန်လမ်းမများကို စီးပွားရေးစင်္ကြန်လမ်းမများအဖြစ်သို့ အသွင်ပြောင်းကြိုးပမ်းမှုများကို အရှိန်မြှင့်ရန် ရည်ရွယ်လျက် GMS နိုင်ငံများသည် စီးပွားရေးစင်္ကြန်လမ်းမများဖိုရမ်

(Economic Corridors Forum) ကို ဖွဲ့စည်းထားပါသည်။ စကြံန်လမ်းမတစ်လျှောက်ရှိ ဒေသများအတွင်း ဖြစ်စေ၊ GMS ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များအတွင်းဖြစ်စေ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်သည်။ နောက်ပြီး ယင်းဖိုရမ်သည် စီးပွားရေးစကြံန်လမ်းမဖွံ့ဖြိုးရေးကို အလေးပေးသည့် အဖွဲ့တစ်ခုအဖြစ်သာ ဆောင်ရွက်သွား မည်ဖြစ်သည်။ ယင်းဖိုရမ်မှတဆင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ တို့အကြားတွင် ဖြစ်စေ၊ ဗဟိုအစိုးရနှင့် လက်အောက်ခံဒေသအစိုးရများကြားတွင်ဖြစ်စေ အပြန်အလှန် ဆက်သွယ်ဆောက်ရွက်မှုတိုးပွားလာစေရန် အကူအညီပေးနိုင်လိမ့်မည်။

**ပို့ဆောင်ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးချောမွေ့အောင်လုပ်ဆောင်ပေးခြင်း**

ဒေသခွဲတစ်ခုလုံး၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် အခြေခံအဆောက်အအုံပိုင်းရင်းနှီးမြှပ်နှံမှုမှ အကျိုးအမြတ် အများဆုံးထိ ထုတ်ယူနိုင်ရန်အတွက် GMS ဒေသအတွင်း လူနှင့် ကုန်ပစ္စည်းများသွားလာ သယ်ယူပို့ဆောင်ရေး ချောမွေ့စေ ရန်မှာ အလွန်အရေးပါသည်။  ထိုရည်မှန်းချက်ရနိုင်ဖို့ GMS နိုင်ငံများသည် နယ်စပ်ဖြတ်ကျော်ပို့ဆောင် ဆက်သွယ်ရေးသဘောတူညီမှု Cross-Border Transport Agreement (CBTA) ရရှိခဲ့ပြီး ယခုအခါ အချို့နယ်စပ်နေရာများတွင် ယင်းသဘောတူညီမှုကို စတင်ကျင့်သုံးနေပါသည်။ အလယ်အလတ်ကာလ တစ်ခုအတွင်းတွင် အပြည့်အဝအကောင် အထည်ဖော်လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ရသည်။

CBTA သဘောတူညီမှုသည် GMS ဒေသအတွင်း ရုပ်ပိုင်းအားဖြင့်အကောင်အထည်မပြနိုင်သည့် အတားအဆီးများကို လျှော့ချရန် နှင့် စည်းမျဉ်းများနှင့်အညီလုပ်ဆောင်နိုင်ရန် လက်တွေ့ချဉ်းကပ် လုပ်ဆောင်မှုတစ်ခု ဖြစ်ပါသည်။ ၎င်းသဘောတူညီမှုသည် စစ်ဆေးရေးလုပ်ငန်းစဉ်များ၊ ဗီဇာဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းအောင် ဆောင်ရွက်ပေးသကဲ့သို့ တဆင့်ခံကုန်သွယ်မှုများတွင် ကုန်ပစ္စည်းများ စစ်ဆေးခံရမှုမှ ကင်းလွတ်ခွင့်ရခြင်း၊ နောက်ပြီး ယဉ်စည်းကမ်းနှင့်အခွင့်အရေးများကို လဲလှယ်အသုံးပြုနိုင်ခြင်း - ဥပမာ နိုင်ငံတစ်ခုမှာ ယဉ်များ တခြားနိုင်ငံတစ်ခုတွင်လည်း မောင်းနှင်အသုံး ပြုခွင့်ရှိခြင်း စသည့်အကျိုးခံစားခွင့်တို့ ရရှိနိုင်သည်။

လတ်တလောကာလအတွင်း GMS နိုင်ငံများသည် 'ကုန်သွယ်ရေးချောမွေ့စေခြင်းနှင့် ရင်းနှီးမြှပ်နှံမှုဆိုင်ရာ အရေးယူလုပ်ဆောင်သည့် မဟာဗျူဟာမြောက် မူဘောင် (Strategic Framework for Action on Trade Facilitation and Investment) အောက်မှ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးကို တိုးမြှင့်နိုင်ရန် အားဖြည့် ဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့ လုပ်ဆောင်ရာတွင် ကဏ္ဍလေးရပ်ကို ဦးစားပေးလုပ်ဆောင်ပါသည်။ ၎င်းတို့မှာ အကောက်ခွန်၊ စစ်ဆေးရေးနှင့် သီးခြားခွဲထားမှု၊ ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းစီမံရေး နှင့် စီးပွားရေးလုပ်ငန်းရှင်များ လွတ်လပ်စွာသွားလာနိုင်ရေးတို့ ဖြစ်သည်။

**သတင်းဆက်သွယ်ရေး**

သတင်းဆက်သွယ်ရေးလမ်းကြောင်းများကို ကောင်းမွန်အောင် လုပ်ဆောင်ထားခြင်းသည် ဆက်သွယ် ဆောင်ရွက်ရသည့် လုပ်ငန်းသုံးစရိတ်များ လျော့ကျစေနိုင်သကဲ့သို့  သတင်းအချက်အလက်ရရှိမှုနှင့် စီးဆင်းမှု အဆင်ပြေချောမွေ့စေနိုင်သည်ဟု GMS အစီအစဉ်က ကြိုတင်တွက်ဆထားပြီ ဖြစ်သည်။

GMS သတင်းအချက်အလက် အထူးအမြန်လမ်းမ ကွန်ယက် (GMS Information Superhighway Network - ISN) အစီအစဉ်အောက်တွင် GMS ကျောရိုးကွန်ယက်တစ်ခုရှိပြီး ၎င်းတွင် ဖိုက်ဘာအော့ပ်တစ် ခေါ် ဖန်သားမျှင်နန်းကြိုးအပြန်အလှန်ဆက်သွယ်ရေးပါဝင်ပါသည်။  ထိုကွန်ယက်ကို GMS ခြောက်နိုင်ငံ အတွင်း အသံ၊ ဒေတာအချက်အလက်၊ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများအတွက် မြန်နှုန်းမြင့် ဘရော့ဘန်း ဆက်သွယ်ရေးအဖြစ် အသွင်ပြောင်းလဲနေပါသည်။

ISN စီမံကိန်း၏ ပထမအဆင့်တွင် ဟာ့ဒ်ဝဲ ပစ္စည်းများတပ်ဆင်မှုကို မကြာခင်က ပြီးစီးခဲ့ပါသည်။ ဒုတိယအဆင့်တွင်မူ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာများ အပြည့်အဝလည်ပတ်အသုံးချနိုင်ရန် အထူးအာရုံစိုက်ထားပါသည်။

**ခရီးသွားလုပ်ငန်း**

GMS ခရီးသွားလုပ်ငန်းကဏ္ဍမဟာဗျူဟာ (GMS Tourism Sector Strategy) သည် GMS ဒေသခွဲကို ခရီးသွားဒေသတစ်ခုအဖြစ် မြှင့်တင်လုပ်ဆောင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန် စီစဉ်ထားပါသည်။ စီးပွားရေးအရ လက်တွေ့ဖြစ်နိုင်ချေရှိသည့်၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို မထိခိုက်စေသည့်၊ ဒေသခံလူထုအပေါ် လူမှုရေးအရထိခိုက်မှုတတ်နိုင်သမျှ အနည်းဆုံးဖြစ်စေနိုင်သည့် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှု စည်းမျဉ်းများအပေါ် အခြေခံ၍ ဤမဟာဗျူဟာကို ရေးဆွဲသည်။

ဤမဟာဗျူဟာတွင် ဦးစားပေးခရီးသွားဇုန်များ၌ ဒေသစီမံကိန်း ၁၃ ခုနှင့် လုပ်ငန်းအမျိုးအစားဆင်တူစီမံကိန်း ၁၆ ခုပါဝင်ပါသည်။ ဥပမာ သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များ စီမံခန့်ခွဲမှု၊ ခရီးသွားလုပ်ငန်းကြောင့် လူမှုရေးအရရိုက်ခတ်နိုင်မှုများ၊ ခရီးသွားလုပ်ငန်းဈေးကွက်ရှာဖွေရေးနှင့် မြှင့်တင်ရေး၊ ငွေကြေးမတတ်နိုင်သူများ အကျိုးရှိစေနိုင်သည့် ခရီးသွားလုပ်ငန်း၊ နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်း၊ စွမ်းရည်မြင့်တင်ရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍပါဝင်လာစေရေး စသည်တို့ ဖြစ်သည်။

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု**

ကျန်းမာရေး၊ ပညာရေး၊ အလုပ်သမားရေး၊ ရွှေ့ပြောင်းသွားလာသူများအရေး နှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး စသည်တို့ ပါဝင်သည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်တစ်ရပ်ဖြစ်လာစေရန် GMS လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာသစ်တစ်ရပ်ကို ချမှတ်ထားပါသည်။

ကူးစက်မှုရောဂါများနယ်စပ်ဖြတ်ကျော် မပျံ့ပွားအောင် ကာကွယ်ရန်နှင့် ထိမ်းချုပ်ရန်၊ အခြေခံအဆောက်အအုံ ကဏ္ဍတွင် အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရန် နှင့် ဖြစ်ပွားမှုအန္တရာယ်လျော့ချနိုင်ရန်၊ လူကုန်ကူးမှုကိုကာကွယ် တားဆီး၍ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်နိုင်ကြရန်၊ ဖွံ့ဖြိုးတိုးတက်မှု စီမံအုပ်ချုပ်ရေးဆိုင်ရာ ဖနွမ်းပင်အစီအစဉ် (Phnom Penh Plan for Development Management)အရ GMS ဒေသမှ အရာရှိများ၏ စီမံရေးနှင့်အုပ်ချုပ်မှုပိုင်းဆိုင်ရာ စွမ်းရည်မြင့်မားလာစေရန် စသည့်အချက်များ သည် လတ်တလော မဟာဗျူဟာ အစီအစဉ်များတွင် ပါဝင်ကြသည်။ အစိုးရကဏ္ဍအတွင်း အလယ်အလတ် နှင့် အဆင်မြင့်တန်းရှိ အရေးပါသော မန်နေဂျာအမြောက်အများတွင် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ချက်တစ်ရပ်ဖြစ်ပေါ်နေသဖြင့် ယင်းအစီအစဉ် ပေါ်ပေါက်လာခြင်းလည်း ဖြစ်သည်။

**စိုက်ပျိုးရေး**

GMS နိုင်ငံများသည် စိုက်ပျိုးရေးကဏ္ဍနှင့် အခြားကဏ္ဍများ၏ အရေးပါသော ဆက်စပ်မှုများကို အသိအမှတ်ပြုသကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍများရှိသည်ကို အသိအမှတ်ပြုထားပါသည်။ စိုက်ပျိုးရေးသည် ဆင်းရဲမွဲတေမှုလျော့ချရေးအတွက် အရေးကြီးသောကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ GMS စိုက်ပျိုးရေးမဟာဗျူဟာ၏ ပင်မကျောရိုးဖြစ်သော စိုက်ပျိုးရေးထောက်ပံ့မှုဗဟိုချက်အစီအစဉ် (Core Agriculture Support Program) ၏ အနာဂါတ်မျှော်မှန်းချက်မှာ စိုက်ပျိုးရေးတွင် ပိုမိုကြွယ်ဝလာသည့်၊ ကုန်သွယ်ရေးတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်သည့်၊ တိုးတက်မှုအသီးအပွင့်များကို ပိုမိုမျှတတတ ဝေမျှခံစားနိုင်သည့် GMS ဒေသတစ်ခုဖြစ်လာစေရန် မျှော်မှန်းပါသည်။

အစီအစဉ်၏ ရည်ရွယ်ချက်များမှာ စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုအရှိန်မြှင့်ရန်၊ အစားအစာဖူလုံမှုနှင့်ဆင်းရဲမွဲတေမှုလျှော့ချရေးဆောင်ရွက်ရာ၌ ပါဝင်ကူညီနိုင်ရန်၊ နယ်စပ်ဖြတ်ကျော် စိုက်ပျိုးရေးကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ရာ၌ ကူညီဆောင်ရွက်ပေးရန်၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများရယူခြင်းနှင့် လွှဲပြောင်းပေးခြင်းတို့၌ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရန် တို့ ဖြစ်ပါသည်။

ထို့အပြင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန်နှင့် ဆက်စပ်ယှဉ်တွဲနေသည့် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များကို ရေရှည်အသုံးပြုနိုင်ရန်၊ နယ်စပ်ဖြတ်ကျော်တိရစ္ဆာန် ရောဂါများစောင့်ကြည့် စုံစမ်းစစ်ဆေး ရေးနှင့် ထိန်းချုပ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးလာစေရေး တို့အတွက်လည်း ယင်းအစီအစဉ်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**သဘာဝပတ်ဝန်းကျင်**

မဟာမဲခေါင်ဒေသခွဲသည် ဖွံ့ဖြိုးလာမှုကြောင့် တစ်ဘက်တွင်လည်း ၎င်း၏ ပတ်ဝန်းကျင်ဂေဟစနစ်မှာလည်း ထိခိုက်ပျက်စီးနိုင်သည့်အန္တရာယ်ပိုများလာသည်။ ထိုကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အများပိုင်ပစ္စည်းများ သုံးစွဲရာတွင် ပူးပေါင်းဆောင်ရွက်မှု ပိုလိုအပ်လာသည်။ GMS နိုင်ငံများ၏ ဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေး အပြန်အလှန်မှီခိုမှုသည် ဒေသတွင်းဆက်စပ်ယှက်နွယ်နေသည့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို စီမံအုပ်ချုပ်ရာ၌ ပူးပေါင်းဆောင်ရွက်မှုမရှိမဖြစ်လိုအပ်စေပါသည်။

သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး ဗဟိုချက်အစီအစဉ် (Core Environment Program) ကို GMS က ချမှတ်ခဲ့ပါသည်။ ယင်းအစီအစဉ်၏ အလေးပေးလုပ်ဆောင်ချက်များတွင် စီးပွားရေးစင်္ကြံမဟာဗျူဟာများနှင့် GMS အစီအစဉ်တို့၏ သဘာဝပတ်ဝန်းကျင်ရေရှည်ထိန်းသိမ်းနိုင်ရေး၊ သဘာဝပတ်ဝန်ကျင်စွမ်းဆောင်ရည် အကဲဖြတ်မှုစည်းမျဉ်းများချမှတ်ရေး၊ ဇီဝမျိုးကွဲများထိန်းသိမ်းရေးစင်္ကြံအစီအစဉ်သစ် အကောင်အထည် ဖော်ရေးတို့ ဖြစ်သည်။

ထိုကဲ့သို့ လုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ရှုမျှော်ခင်းနေရာကိုးခုကို သတ်မှတ်ပြီး တစ်ခုချင်းစီတွင် သဘာဝဂေဟစနစ်တွင် ဆက်သွယ်လုပ်ဆောင်နိုင်မှုကို ပြန်လည်ထိန်းသိမ်းပေးရန်၊ ဇီဝမျိုးကွဲများကို ထိန်းသိမ်းစောင့် ရှောက်ရန်၊ အသက်မွေးဝမ်းကျောင်းဘဝများတိုးတက်လာစေရန် နှင့် လမ်းပမ်းအဆက်အသွယ် နှင့် စီးပွားရေးဆိုင်ရာ စွမ်းအားအထောက်အပံ့များတွင် ရင်းနှီးမြှုပ်နှံမှုများ ကို ရေရှည်စီမံအုပ်ချုပ်နိုင်သည့် အစီအစဉ်များ ချမှတ်နေပါသည်။

**ပုဂ္ဂလိက ကဏ္ဍပါဝင်မှု မြှင့်တင်ရေး**

၂၀၀၀ ခုနှစ်တွင် အဖွဲ့ဝင်ခြောက်နိုင်ငံမှ အမျိုးသားအဆင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းများသည် ADB နှင့် ကုလသမဂ္ဂ အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်တို့၏ အကူအညီဖြင့် GMS စီးပွားရေးဖိုရမ် (GMS Business Forum) ကို တည်ထောင်ခဲ့ကြသည်။ ယင်းဖိုရမ်သည် GMS ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိက ကဏ္ဍမှ ပိုမိုပါဝင်လုပ်ဆောင်စေရန်ရည်ရွယ်သည့် လွတ်လပ်သည့် အစိုးရမဟုတ်သောအဖွဲ့ဖြစ်ပါသည်။

ဖိုရမ်သည် GMS ပုဂ္ဂလိက ကဏ္ဍအတွင်း အချင်းချင်းဆက်သွယ်ဆောင်ရွက်နိုင်သည့် ကွန်ယက်တစ်ခုတိုးတက်လာစေရန်၊ မူဝါဒဆိုင်ရာကိစ္စရပ်များတွင် အစိုရနှင့် ပုဂ္ဂလိကကြား ကြားဝင်ဆောင်ရွက်ပေးနိုင်သည့် လမ်းကြောင်း တစ်ခုဖန်တီးပေးရန်လည်း ရည်ရွယ်ပါသည်။ ယင်းဖိုရမ်ကနေ ညီလာခံ အများအပြား ကျင်းပပေးနိုင်ခဲ့ပြီး ဂက်ဘ်ဆိုက် နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလက်စွဲ စာအုပ်များကဲ့သို့ အသုံးဝင်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အချက်အလက်များကို ရယူပေးနိုင်ခဲ့သည်။